# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 15 , 2023 Volume 73, Number 10

၁၅.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၂၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း (MCIA) နှင့် ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ် နိုင်ငံတို့မှ ကုမ္ပဏီများနှင့် ပြောင်းဝယ်ယူရောင်းချခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်း အခမ်းအနားကျင်းပ





မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း (MCIA)နှင့် ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီများနှင့်ပြောင်းဝယ်ယူရောင်းချခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ အင်္ဂါနေ့၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် နေပြည်တော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာ "မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ယခုလိုပုဂ္ဂလိကလုပ်ငန်း အချင်းချင်း B to B စနစ်ဖြင့် တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ မြန်မာ့ပြောင်းတင်ပို့နိုင်ရန် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းက ဦးဆောင်စုစည်းဆောင်ရွက်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများ အနေဖြင့် ပြောင်းဝယ်လိုအားများကြောင်း၊ ယခုလို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဈေးကွက်တည်ငြိမ်မှုနှင့် ကုန်သွယ်မှုပမာဏ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ အမှန်တကယ်အောင်မြင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ "မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက(၂)သန်းကျော်ရှိပြီး တန်ချိန် (၃)သန်းကျော် ထွက်ရှိပါကြောင်း၊

ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန် (၁) သန်းခန့်ရှိပြီး နှစ်စဉ်ပြည်ပသို့ တန်ချိန်(၂)သန်းကျော်တင်ပို့လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် ပြောင်းဝယ်ယူရောင်းချရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် နိုင်ငံတော်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော် ဝင်ငွေရှာဖွေပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပုံမှန်ဈေးကွက်ဖြစ်လာသလို ပွင့်လင်းမြင်သာမှုရှိလာပြီး လုပ်ငန်းရှင်များအတွက် နှစ်ဦးနှစ်ဘက်ကျေးဇူးရှိပါကြောင်း၊ နားလည်မှုစာချွန်လွှာကိုလည်း နှစ်ဘက်ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းများနှင့် ပြည်ပကုမ္ပဏီ (၇) ခုတို့က ပြောင်းဝယ်ယူရောင်းချရန် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ**

## ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို လုပ်ငန်းရှင်ကိုယ်တိုင်အတွက်သုံးစွဲခြင်း၊ နိုင်ငံခြားငွေကြေးဈေးကွက်တွင် ရောင်းချခြင်းတို့ကို ပို့ကုန်ရငွေဝင်ရောက်ပြီး တစ်လအတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်

ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို လုပ်ငန်းရှင်ကိုယ်တိုင်အတွက်သုံးစွဲခြင်း၊ နိုင်ငံခြားငွေကြေးဈေးကွက်တွင် ရောင်းချခြင်းတို့ကို ပို့ကုန်ရငွေ ဝင်ရောက်ပြီး တစ်လအတွင်းအပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဗဟိုဘဏ်၏ထုတ်ပြန်ချက်ကို ကိုးကားပြီး ကုန်သည်စက်မှုအသင်းချုပ်မှ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များကို အသိပေးထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၆-၁၂-၂၀၂၃) ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃ အရ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေပမာဏ ၃၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်ငွေလဲလှယ်နှုန်းဖြင့် လဲလှယ်ရောင်းချရမည်ဖြစ်ပြီး အဆိုပါငွေပမာဏအား အလုပ်လုပ်ရက် တစ်ရက်အတွင်း သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်မှ ကျပ်ငွေဖြင့်လဲလှယ်ပေးမည်ဖြစ်သည်။

ကျန်ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကိုမူ လုပ်ငန်းရှင်ကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading Platform)တွင် ရောင်းချခြင်းတို့ကို ပို့ကုန်ရငွေဝင်ရောက်ပြီး တစ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ပို့ကုန်ရငွေ၏ ပို့ကုန်ရငွေပမာဏ ၃၅ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်းအစီအစဉ်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်နှင့် နောက်ပိုင်းထွက်ရှိသော ED များအတွက် ဝင်ရောက်လာမည့် ပို့ကုန်ရငွေများအတွက်သာဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်ရှေ့ပိုင်း (ဒီဇင်ဘာလ ၅ ရက် - ၄ ရက်စသည့်) ED (ပို့ကုန်ကြေညာလွှာ) များအတွက် ဝင်သည့်ငွေများကို ယခင် ၅၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းအစီအစဉ်အတိုင်းသာ လဲလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်နှင့် နောက်ပိုင်းဝင်ရောက်လာသည့် ကြိုတင်ရငွေများကိုလည်း ၃၅ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်းအစီအစဉ်ဖြင့် လဲလှယ်နိုင်မည် ဖြစ်သည်။

နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading Platform)တွင် နိုင်ငံခြားငွေ ဝယ်ယူထားသူများအနေဖြင့် ဝယ်ယူထားသည့် နိုင်ငံခြားငွေအား ပို့ကုန်ရငွေဝင်ရောက်သည့်နေ့မှစ၍ တစ်လအတွင်း ပြန်လည်လွှဲပြောင်းသုံးစွဲရမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းချက်အရ အထက်ပါလုပ်ငန်းစဉ်များသည် ပုံမှန်ကုန်သွယ်မှု၊ နယ်စပ် ကုန်သွယ်မှု၊ CMP လုပ်ငန်းများ စသည်တို့အားလုံးအကျုံးဝင်သည်ဟု သိရသည်။

အတိုချုပ်အားဖြင့် ပို့ကုန်ရငွေများကို အောက်ပါအတိုင်း လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်က ထုတ်ပြန်ထားသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် (၃-၄-၂၀၂၂) ရက်နေ့မတိုင်မီကာလ ၁၀၀ ရာခိုင်နှုန်းခံစားခွင့်၊ ED ထွက်ရှိသည့် (၃-၄-၂၀၂၂) ရက်မှ (၁၂-၇-၂၀၂၃) ရက် အထိ ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်း ၊(၁၃-၇-၂၀၂၃) ရက်မှ (၅-၁၂-၂၀၂၃) ရက်အထိ ၅၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ (၆-၁၂-၂၀၂၃) ရက်မှစတင်၍ ၃၅ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်းဖြစ်သည်။

နယ်စပ်ကုန်သွယ်မှုအတွက် (၅-၈-၂၀၂၂) ရက်မတိုင်မီကာလ ၁၀၀ ရာခိုင်နှုန်း ခံစားခွင့်၊ ED ထွက်ရှိသည့် (၅-၈-၂၀၂၂) ရက်မှ (၁၂-၇-၂၀၂၃) ရက်အထိ ၆၅ ရာခိုင်နှုန်း ၊ ၃၅ ရာခိုင်နှုန်း၊ (၁၃-၇-၂၀၂၃) ရက်မှ (၅-၁၂-၂၀၂၃) ရက်အထိ ၅၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ (၆-၁၂-၂၀၂၃) ရက်မှစတင်၍ ၃၅ ရာခိုင်နှုန်း၊ ၆၅ရာခိုင်နှုန်းတို့ကို AD လိုင်စင်ရဘဏ်များမှ ဆောင်ရွက်ပေးခြင်းတို့ ပါရှိသည်။ ယင်းတို့ကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကို အသိပေးရန်နှင့် AD လိုင်စင်ရဘဏ်များကို ညွှန်ကြားထားကြောင်း သိရှိရသည်။

**Source:** https://news-eleven.com/article/285545

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့်စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့်ရေဦးခရိုင်များအနက် မုံရွာခရိုင်တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ(ဒုတိယပတ်)တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်)၂၄ ပြည် တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ်၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ၁၄၅,၀၀၀ ကျပ်၊ ရွှေဘိုရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်၊ ရောမင်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ၁,၄၅,၀၀၀ ကျပ်၊ နှေစပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈,၀၀,၀၀၀၊ နှေစပါး(ရွှေဝါထွန်း) (ဆန်)၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၃,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင်၊ ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်)၂၄ ပြည် တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ်၊ ပေါ်ဆန်း(ဆန်) (ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ၁,၄၅,၀၀၀ကျပ်၊ ရွှေဘိုရောမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်၊ ရောမင်း (ဆန်)(ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ၁,၄၅,၀၀၀ ကျပ်၊ နှေစပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈,၀၀,၀၀၀၊ နှေစပါး (ရွှေဝါထွန်း)(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၃,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကလေးခရိုင်၊ ကလေးမြို့နယ်မှ ညော့မထ(စပါး) (သစ်)တင်း ၁၀၀ လျှင် ၁၇,၀၀,၀၀၀၊ ညော့မထ(ဆန်) (သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅,၀၀၀၊ ညော့မထ(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ၂၈,၀၀,၀၀၀၊ ညော့မထ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၀၅,၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ၂၈,၀၀,၀၀၀၊ ငစိန်(ဆန်)၂၄ ပြည်တစ်အိတ်လျှင် ၉၅,၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ ရောမင်း(ဆန်)(သစ်)၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၅,၀၀၀၊ ရောမင်း(စပါး) (ဟောင်း)တင်း ၁၀၀ လျှင် ကျပ် ၂၈,၀၀,၀၀၀၊ ရောမင်း(ဆန်)(ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၁၀,၀၀၀၊ နှေစပါး(ဒေသမျိုး)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁,၀၀,၀၀၀၊ နှေစပါး (ဒေသမျိုး) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင်၊ အင်းတော်မြို့နယ်မှ ဆင်းကေရီ(၃)(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၂,၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် (သစ်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၆၀,၀၀၀၊ ဆင်းကေရီ(၃)(စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၁၉,၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် (ဟောင်း) ၂၄ ပြည် တစ်အိတ် လျှင် ကျပ် ၉၀,၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀လျှင် ကျပ် ၂၅,၀၀,၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၁,၂၀,၀၀၀၊ နှေစပါး(ဆင်း-၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃,၀၀,၀၀၀၊ နှေစပါး (ဆင်း-၃) (ဆန်)၂၄ ပြည် တစ်အိတ်မှာကျပ် ၆၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရောမင်း(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၂၃,၀၀,၀၀၀၊ ရောမင်း (ဆန်)(သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅,၀၀၀၊ ရောမင်း(စပါး)(ဟောင်း)တင်း ၁၀၀ လျှင် ကျပ် ၃၅,၀၀,၀၀၀၊ ရောမင်း (ဆန်)(ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၃၅,၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၀,၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၂၅,၀၀၀၊ ပေါ်ဆန်း (စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၄၀,၀၀,၀၀၀၊ ပေါ်ဆန်း(ဆန်) (ဟောင်း) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁,၆၀,၀၀၀၊ မနောသုခ(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၇,၀၀,၀၀၀၊ မနောသုခ (ဆန်)(သစ်)၂၄


ပြည် တစ်အိတ်လျှင် ကျပ် ၇၀,၀၀၀၊ မနောသုခ (စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၀,၀၀,၀၀၀၊ မနောသုခ (ဆန်)(ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀,၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၉,၀၀,၀၀၀၊ ရောမင်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၂၇,၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅,၅၀,၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁,၂၅,၀၀၀၊ နွေစပါး ရွှေဝါထွန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၆,၅၀,၀၀၀၊ ရွှေဝါထွန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ဒီဇင်ဘာလ (ပထမပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၉,၅၀၀၊ မန္တလေး သို့ အိတ်ရေ ၁၄,၃၀၀၊ ကချင်သို့ အိတ်ရေ (၁၀,၀၅၂)၊ မကွေးသို့ အိတ်ရေ ၂,၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၂,၃၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂,၃၀၀၊ ချင်းသို့ အိတ်ရေ ၁,၆၂၇၊ မွန်သို့ အိတ်ရေ ၂,၆၁၀ စုစုပေါင်း အိတ်ရေ (၄၄,၆၈၉)အိတ်၊ တန် အားဖြင့် (၂၂,၃၄)တန် စီးထွက်ခဲ့ပြီး ဒီဇင်ဘာလ (ဒုတိယပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၃,၂၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇,၃၀၀၊ ကချင်သို့ အိတ်ရေ ၂,၇၈၈၊ နေပြည်တော်သို့ အိတ်ရေ ၃,၅၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂,၃၀၀၊ မွန်သို့ အိတ်ရေ ၂,၇၈၀ စုစုပေါင်း အိတ်ရေ (၄,၁၈၆၈) အိတ်၊ တန် အားဖြင့် (၂,၀၉၃)တန် စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ (၂,၈၂၁) အိတ်၊ တန်အား ဖြင့် (၁၄၁)တန် လျော့နည်း၍ စီးထွက်ခဲ့ကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%85%E1%80%

## မန္တလေးဈေးကွက်တွင် ကန်စွန်းဥများ အရောင်းအဝယ်သွက်နေ



နိုဝင်ဘာလမှ စတင်ထွက်ရှိသော ကန်စွန်းဥများမှာ မန္တလေးဈေးကွက်၌ အရောင်းအဝယ်သွက်နေပြီး ပွဲရုံလက်ကားဈေးမှာ အရွယ်အစားအလိုက် တစ်ပိဿာ ငွေကျပ် ၅၀၀ မှ ၈၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း မန္တလေး၊ ကမ်းနားလမ်း၊ သစ်သီးဝလံပွဲစား ဦးညွန့်မောင်ကပြောသည်။

ကန်စွန်းဥတွင် ကန်စွန်းဥဝါ၊ ကန်စွန်းဥနီနှင့် ငချိတ်ကန်စွန်းဥဟူ၍ရှိပြီး ကျန်းမာရေး ဓာတ်စာအနေဖြင့် စားသုံးသူများပြားကာ ဈေးကွက်ရရှိလာသည်ဟုဆိုသည်။ “ဒီနှစ်အဖွင့်ဈေးက မနှစ်ကထက် တစ်ပိဿာကို ငွေကျပ် ၁၀၀ လောက်ပိုလာတယ်။ ရန်ကုန်တင်ဖို့ စိုက်ခင်းထဲအထိ လာဝယ်သူတွေက တစ်ပိဿာ ငွေကျပ် ၇၀၀ ဝန်းကျင်ပေးတယ်။ တပို့တွဲ၊ တပေါင်း ကန်စွန်းဥ လှိုင်လှိုင်ပေါ်ပြီး ဈေးလည်းမြင့်လာတယ်ဟု ၎င်းကပြောသည်။

လက်ကားဈေးကွက်တွင် အရွယ်ကြီးကန်စွန်းဥမှာ တစ်ပိဿာ ငွေကျပ် ၈၀၀ ဝန်းကျင်နှင့် အရွယ်သေးပါက ငွေကျပ် ၅၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း၊ အွန်လိုင်းဈေးကွက် တွင်ကျယ်လာခြင်းကြောင့် ကန်စွန်းဥဈေးကွက် ကျယ်ပြန့်လာကာ ဝယ်လိုအားများလာကြောင်း သိရသည်။

“ပြီးခဲ့တဲ့ နိုဝင်ဘာလလောက်ကစပြီး ဈေးကွက်ထဲဝင်လာတယ်။ မန္တလေး အနောက်ဘက်ကမ်းကရွာတွေမှာ စိုက်ပြီးတာ မကြာသေးဘူး။ ဥဖော်ပြီးတာနဲ့ ၇ ရက်လောက်အထိပဲ အထားခံတယ်။ အဲဒီနောက်ပိုင်း ပိုးကျတာတွေရှိလို့ တောင်သူတွေကတော့ ပွဲရုံပို့ပြီးရောင်းကြတယ်”ဟု သံဘိုကျွန်းရွာမှ ကန်စွန်းဥစိုက်တောင်သူ ဦးခင်မောင်ရင်ကပြောသည်။

ကန်စွန်းဥသည် ကျန်းမာရေးဓာတ်စာအပြင် နှစ်သက်စွာစားသုံးသူများပြားခြင်းကြောင့် ဈေးကွက်ဝယ်လိုအား ကောင်းနေပြီး လက်လီဈေးကွက်၌ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင် ရောင်းချကြကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဖိလစ်ပိုင်သို့ မြန်မာ့ကြက်သွန်နီအရည်အသွေး အကဲဖြတ်ရန် စမ်းသပ်တင်ပို့မှု ကနဦးဆောင်ရွက်မည်

မြန်မာနိုင်ငံအနေနဲ့ အစိုးရချင်းသဘောတူညီမှုစာချုပ် (G to G) အရ ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာ့ကြက်သွန်နီ တရားဝင်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဆောင်ရွက်နေတယ်လို့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မြန်မာစီးပွားရေးသံမှူးက ပြောကြားထားပါတယ်။

ကနဦးဆောင်ရွက်မှုအဖြစ် နှစ်နိုင်ငံအကြား G to G သဘောတူညီချက်ရရှိရေးအတွက် ကြက်သွန်နီရဲ့အရည်အသွေးကို အကဲဖြတ်ဖို့ အစမ်းတင်ပို့သွားမယ်လို့ဆိုပါတယ်။

အဆိုပါသဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ဖို့ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် မီးဖိုချောင်သုံးသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ နိုင်ငံတကာကုန်သွယ်မှုကော်ပိုရေးရှင်း-PITC(ဖိလစ်ပိုင်)၊ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်က စက်ရုံနှင့်စက်မှုလုပ်ငန်းဗျူရိုတို့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

ဖိလစ်ပိုင်နိုင်ငံက ဒီဇင်ဘာလတွင် ကြက်သွန်နီ တန်ချိန်(၂၁,၀၀၀) တင်သွင်းဖွယ်ရှိကြောင်း စက်ရုံနှင့်စက်မှုလုပ်ငန်းဗျူရိုက အသိပေးထုတ်ပြန်ထားပြီး ခရစ္စမတ်ကာလအတွင်း ကြက်သွန်နီပြတ်လပ်မှုကို ရှောင်ရှားရန်နှင့် ဖြစ်ပေါ်လာနိုင်သောဈေးနှုန်းမြင့်တက်မှုကိုထိန်းချုပ်ရန်အတွက် ကြက်သွန်နီပမာဏကို လုံလောက်စွာတင်သွင်းမယ်လို့ ဆိုထားပါတယ်။

လက်ရှိမှာ မြန်မာ့ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့နေပေမဲ့ တရုတ်၊ ထိုင်းနဲ့ဗီယက်နမ်ကုန်သည်တွေကတစ်ဆင့်ရောင်းချရတာဖြစ်လို့ ကုန်ကျစရိတ်မြင့်မားတာကြောင့် တိုက်ရိုက်တင်ပို့နိုင်ဖို့ လုပ်ဆောင်နေခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ စိုက်ပျိုးကြပြီး နှစ်စဉ်တန်ချိန် ၅၀,၀၀၀ ကျော်ကို ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိပါတယ်။

**Source: BETV Business**

## ဆန်ကြမ်းအဟောင်းဈေး ကျပ်တစ်သိန်နီးပါးအထိ ဈေးတက်




ရန်ကုန်ဆန်ဈေးကွက်ထဲမှာ အခုအပတ်အတွင်း ဆန်ကြမ်းအဟောင်း တစ်အိတ်ကို ကျပ်တစ်သိန်းနီးပါးထိ မြင့်တက်လာတယ်လို့ ရန်ကုန်မြို့က ဆန်လက်ကားရောင်းချနေသူတွေဆီကသိရပါတယ်။ ရက် ၉၀ နဲ့ အညာသား ဆန်ကြမ်းအဟောင်း အမျိုးအစားတွေကတော့ တစ်အိတ်ကို အရင်က ကျပ်ရှစ်သောင်းကျော်ကနေ အခုအခါမှာတော့ ကျပ်ကိုးသောင်းခြောက်ထောင်လောက်ထိ မြင့်တက်လာတာဖြစ်တယ်လို့ ဆိုပါတယ်။

ဆန်ကြမ်းအဟောင်းဈေး မြင့်တက်လာတာဟာ ဈေးကွက်ထဲမှာ ဆန်ကြမ်းအဟောင်းတွေ ဝယ်ယူရတာခက်ခဲသလို ဈေးတက်လာတဲ့အတွက် ဝယ်ယူမဲ့သူလည်း မရှိသလောက်ဖြစ်နေတယ်လို့ ရန်ကုန်မြို့က ရွှေမိုးဆန်ရောင်းဝယ်ရေးက တာဝန်ရှိသူတစ်ယောက်က ပြောပါတယ်။ ဆန်ကြမ်းအဟောင်းဈေးတက်နေသလို ကြားပျံစတဲ့ဆန်ချောအမျိုးအစားတွေကလည်း တစ်အိတ်ကို ကျပ်ငါးထောင် လောက်ထိ ဈေးတက်လာတယ်လို့ဆိုပါတယ်။

ဆန်ဈေးတက်နေတဲ့အတွက်လည်း ဆန်လက်ကားဆိုင်တွေမှာတော့ ဝယ်လက်တွေက ဝယ်ယူတာမရှိဘဲ ထိန်းဝယ်နေတဲ့အနေအထားမှာရှိတယ်လို့လည်း ရွှေမိုးဆန်ရောင်းဝယ်ရေးက တာဝန်ရှိသူတစ်ယောက်က ပြောပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဒီဇင်ဘာလအတွက် အရောင်းအဝယ်ပြုရမဲ့ သင့်တင့်မျှတတဲ့ ဆန်ဈေးနှုန်းတွေကိုလည်း ထုတ်ပြန်ထားပြီး ရက် ၉၀၊ ပခန်း၊ အညာသား၊ အထူးဧည့်မထအုပ်စု ဆန်တစ်အိတ်ကို ခြောက်သောင်းရှစ်ထောင်ကျပ်ကနေ ခုနစ်သောင်းနှစ်ထောင်ကျပ်အထိ ဈေးသတ်မှတ်ထားသလို ရွှေဘိုပေါ်ဆန်းတစ်အိတ်ကိုတော့ ကိုးသောင်းကျပ်ကနေ ကိုးသောင်းငါးထောင်ကျပ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

# STOCK EXCHANGE (15.12.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 239,808 (Shares) | 664,609,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 31 | 269,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 2,865 | 8,185,600 | 38,929,150 | 110,948 |
| MCB | 00003 | 7,600 | +200 | +2.70% | 7,600 | 7,600 | 7,600 | 45 | 342,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 60 | 96,500 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 203 | 487,200 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 682 | 1,349,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,700 | 4,800 | 4,700 | 4 | 19,000 | 10,497,598 | 50,389 |
| MAEX | 00008 | 1,650 | +0 | +0.00% | 1,650 | 1,700 | 1,650 | 5,918 | 9,860,600 | 23,804,946 | 39,278 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.44 | +0.86 | +0.24% | 363.58 | 365.31 | 363.58 | 9,808 | 20,609,600 | 8 | 687,395 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 239,808 (Shares) | 664,609,600 (MMK) |

### Main Board

As of 1:00 pm, 15th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,808 (Shares) | 20,609,600 (MMK) |

| MYANPIX | 364.44 ▲ 0.86 |
|---|---|
| Total Volume (shares) | 9,808 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,395 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,600 | ▲ 200 |
| FPB | 00004 | 1,650 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,650 | ▲ 0 |